
Akkhara Team
ဂိမ်းကစားရှင်
ကျင့်ကြံမယ်
တာစဉ်–၃

ဂိမ်းကစားရင်း ကျင့်ကြံမယ်

အခန်း (၂၁)

ကမ္ဘာဂြိုဟ် မသေမျိုးကျင့်ကြံခြင်း မဟာမိတ်အဖွဲ့ ပေါ်ပေါက်လာခြင်း

*

အချိန်ကုန်လွန်လာသည်နှင့်အမျှ ကမ္ဘာဂြိုဟ်၏ အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ သတင်းများတွင် သားရဲတိရစ္ဆာန်များ၏ တိုက်ခိုက်မှုအကြောင်းမှာ မကြာခဏပင် ပါဝင်လာသည်။ အထူးသဖြင့် တောင်တန်းများကြားတွင် ခိုအောင်းနေသော ကျေးရွာများတွင် သားရဲများမှာ တောင်ပေါ်မှ ဆင်းလာကာ စိုက်ခင်းများကို ဖျက်ဆီးပြီး ရွာသားများကို တိုက်ခိုက်လေ့ရှိသည်။

ထိုအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် ဖက်ဒရယ်အစိုးရက လျင်မြန်စွာပင် လှုပ်ရှားလိုက်သည်။ တောင်ခြေအနီးရှိ ရွာသားများကို ပြောင်းရွှေ့ပေးခြင်းနှင့် ရွာငယ်များကို ပေါင်းစည်းကာ မြို့များအဖြစ် တည်ဆောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် ကင်းလှည့်ခြင်းများကို အားဖြည့်ခဲ့ပြီး သားရဲတစ်ကောင် တောင်ပေါ်မှ ဆင်းလာသည်နှင့် ချက်ချင်း

ပင် ထိုသားရဲကို ရှင်းလင်းရန် တပ်ဖွဲ့များကို စုစည်းခဲ့သည်။

သို့သော် သားရဲများ၏ ပြောင်းလဲလာမှုထက် ပိုမိုဆိုးရွားသော ရန်းရင်းဆန်ခတ်မှုများမှာ ကျင့်ကြံသူများထံမှ ပေါ်ပေါက်လာသည်။

"လက်နက်ကောင်းကို ပိုင်ဆိုင်ထားပါက လူသတ်ချင်စိတ်က သဘာဝ အတိုင်း ပေါ်လာတတ်သည်" ဆိုသည့်အတိုင်းပင် ဖြစ်သည်။

အထူးသဖြင့် ယခင်က ဘဝတွင် မအောင်မြင်ခဲ့သော လူသားအချို့မှာ ယွီဖန် ကောင်းကင်ဘုံသို့ ဝင်ရောက်ကာ မသေမျိုးကျင့်ကြံနိုင်သည့် အရည်အချင်း ရရှိသွားပြီးနောက် လမ်းကြောင်းမှားကာ ယစ်မူးသွားကြသည်။

သူတို့က မိမိတို့၏ သာလွန်သော စွမ်းအားကို အသုံးပြုကာ လူများကို စိတ်တိုင်းကျ ထိခိုက်စေခဲ့သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဖက် ဒရယ်အစိုးရက မည်သည့်အခါမျှ အလျှော့မပေးဘဲ တွေ့ရှိသမျှ ပြဿနာ အားလုံးကို တင်းတင်းကျပ်ကျပ် နှိမ်နင်းခဲ့သည်။ အမှန်ကိုပြောရလျှင် ကျင့်ကြံသူများမှာ မြင့်မြတ်သည်ဟု ထင်ရသော်လည်း အများစုမှာ ချီ ကျင့်ကြံခြင်း အစောပိုင်းအဆင့်တွင်သာ ရှိကြသေးသည်။

စည်းစနစ်ကျသော ဖက်ဒရယ်တပ်ဖွဲ့များနှင့် ရင်ဆိုင်ရသည့်အခါ သူတို့မှာ လုံးဝ မယှဉ်နိုင်ပေ။ ကျန်းယွီဟယ်က ထိုသို့သော မိမိကိုယ်ကို ဖျက်ဆီး သူများအတွက် သနားစိတ် လုံးဝမရှိပေ။ သူတို့မှာ ထိုက်သင့်သည့် အပြစ်ဒဏ်ကို ခံယူရမည့်သူများသာ ဖြစ်သည်။ သို့သော် သူ၏အမြင်အရ

အပြစ်ပေးနိုမ်နင်းရုံသက်သက်ဖြင့် ရေရှည်အဆင်မပြေနိုင်ကြောင်း သိရှိထားသည်။

ကျင့်ကြံသူများ၏ စွမ်းအားမှာ အတိုင်းအတာတစ်ခုအထိ ရောက်ရှိလာပါက ဖက်ဒရယ်အစိုးရအပေါ် ဖိအားများ တိုးပွားလာမည်ဖြစ်ပြီး ထိုအချိန်တွင် အခြေအနေမှာ ထိန်းချုပ်မရတော့ပေ။ ဤအခြေအနေသစ်ကို ရင်ဆိုင်ရန် စနစ်သစ်တစ်ခု ထူထောင်ခြင်းသည်သာ အကောင်းဆုံးသော လမ်းကြောင်းဖြစ်သည်။

မျှော်လင့်သည့်အတိုင်းပင် ယွီဖန်ကောင်းကင်ဘုံ ပွင့်ပြီး တစ်လအကြာတွင် ဖက်ဒရယ် လုံခြုံရေးဗျူရို (၂) ၏ ဦးဆောင်မှုဖြင့် မသေမျိုးကျင့်ကြံခြင်း မဟာမိတ်အဖွဲ့ကို တည်ထောင်လိုက်သည်။ မသေမျိုးကျင့်ကြံခြင်း မဟာမိတ်အဖွဲ့က ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ယွီဖန်ကောင်းကင်ဘုံသို့ ဝင်ရောက်နေသော ကစားသမားအားလုံးက မိမိတို့၏ အချက်အလက်များကို မသေမျိုးကျင့်ကြံခြင်း မဟာမိတ်အဖွဲ့ထံတွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

အချက်အလက်ကို မှတ်ပုံတင်ရုံမျှဖြင့် ဘာမှလုပ်စရာမလိုဘဲ လစဉ်ငွေကြေးထောက်ပံ့မှု ၁၀,၀၀၀ ကို ရရှိမည်ဖြစ်သည်။ အကယ်၍ မဟာမိတ်အဖွဲ့ထဲသို့ ဝင်ရောက်ပြီး အမိန့်ကို နာခံမည်ဆိုပါက လစဉ် ထောက်ပံ့ငွေ ၅၀,၀၀၀ ရရှိမည့်အပြင် နေထိုင်ရန်အတွက် နေရာကိုပါ စီစဉ်ပေးမည်ဖြစ်သည်။ ထို့အပြင် မသေမျိုးကျင့်ကြံခြင်း မဟာမိတ်အဖွဲ့က အခြားသော အဆင်ပြေမှုများကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် မဟာမိတ်အဖွဲ့သည် စည်းမျဉ်းများကို ထုတ်ပြန်ကာ ကစားသမားအားလုံး လိုက်နာရန် တိုက်တွန်းခဲ့သည်။ သဘောတူညီချက်၏ အနှစ်ချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ပထမချက် - ကစားသမားချင်း ပုဂ္ဂိုလ်ရေး အငြိုးအတေးများကို ယွီဖန်ကောင်းကင်ဘုံအတွင်း၌သာ ဖြေရှင်းရမည်၊ လူနေထူထပ်သော ကမ္ဘာဂြိုဟ်နယ်မြေများတွင် ပဋိပက္ခ မဖြစ်ပွားစေရ။

ဒုတိယချက် - ကစားသမားများသည် သာမန်လူများကို တိုက်ခိုက်ခြင်း မပြုရ။ အကယ်၍ ကစားသမားနှင့် သာမန်လူကြား အငြင်းပွားမှု ဖြစ်ပါက မသေမျိုးကျင့်ကြံခြင်း မဟာမိတ်အဖွဲ့သို့ တိုင်ကြားနိုင်ပြီး အဖွဲ့မှ ဦးစားပေး ဖြေရှင်းပေးမည်။

တတိယချက် - သားရဲများ၏ ခြိမ်းခြောက်မှု ပြင်းထန်လာသည်နှင့်အမျှ ဘေးအန္တရာယ် ကျရောက်ချိန်တွင် ကူညီပေးကြရန် တိုက်တွန်းသည်။ ကူညီပေးသူတိုင်းအတွက် အကျိုးခံစားခွင့်များစွာ ချီးမြှင့်မည်။

စတုတ္ထချက် - ယွီဖန်ကောင်းကင်ဘုံရှိ ကစားသမားများ စည်းလုံးညီညွတ်ပြီး တစ်ဦးကိုတစ်ဦး ကူညီကာ အတူတကွ တိုးတက်ကြရန် ဖြစ်သည်။

စည်းမျဉ်းများ ထုတ်ပြန်သည့်အပြင် မဟာမိတ်အဖွဲ့က ကောင်းကင်ပိုက်ကွန် ကို တည်ထောင်ခဲ့ပြီး မှတ်ပုံတင်ထားသော ကစားသမားအားလုံး

အချက်အလက် ဖလှယ်နိုင်စေရန် စီစဉ်ပေးခဲ့သည်။ မဟာမိတ်အဖွဲ့ တည်ထောင်ပြီးနောက် ကစားသမားအများအပြား ဝင်ရောက်လာကြပြီး တရားမဝင် လှုပ်ရှားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ကာ ကမ္ဘာဂြိုဟ်၏ စည်းကမ်းမှာ တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာသည်။ ကျန်းယွီဟယ်ကလည်း အချိန်ယူကာ ယိုကျန်းမြို့ရှိ မဟာမိတ်အဖွဲ့၏ ရုံးခွဲတွင် မှတ်ပုံတင်ခဲ့သည်။

ကမ္ဘာမြေ၏ ကောင်းမွန်သော နိုင်ငံသားတစ်ဦးအဖြစ် စည်းကမ်းကို လိုက်နာခြင်းမှာ အခြေခံ အရည်အချင်းပင်ဖြစ်သည်။ ထို့အပြင် မှတ်ပုံတင်ပြီးပါက လစဉ် ထောက်ပံ့ငွေ ၁၀,၀၀၀ ရရှိမည်ကို မယူဘဲ အဘယ့်ကြောင့် နေရမည်နည်း။ သူက ငွေမလိုသည့်သူ မဟုတ်သော်လည်း အလကားရမည့် အရာကို ဘာကြောင့် ငြင်းပယ်ရမည်နည်း။

မဟာမိတ်အဖွဲ့ထဲ ဝင်ရောက်ပြီး အမိန့်နာခံရန်မှာမူ သူ့တွင် စိတ်ဝင်စားမှု လုံးဝမရှိပေ။ အရေးကြီးသည့် အဖြစ်အပျက်တစ်ခုခု မပေါ်ပေါက်လာသရွေ့ သူ့၏ ကျင့်ကြံခြင်းကို မနှောင့်ယှက်ပေ။ အကယ်၍ အခြားသူများ မဖြေရှင်းနိုင်သည့် အခြေအနေမျိုး ပေါ်ပေါက်လာမှသာ သူကိုယ်တိုင် ဝင်ရောက်ဖြေရှင်းပေးမည် ဖြစ်သည်။

***